Research Centre

သုတေသနစင်တာ

# ၂၀၂၆ ခုနှစ်၊ မေလအတွင်း

# ချင်းပြည်နယ်တွင်ဖြစ်ပေါ်ခဲ့သော အဓိကအကြပ်အတည်း (၃) ခု

--------------------------------

အကျဉ်းချုပ်တင်ပြခြင်း

(၁) ချင်းတောင်ပိုင်းမြို့နယ်များဖြစ်သည့် မင်းတပ်၊ ကန်ပက်လက်၊ မတူပီ နှင့် ချင်းပြည်နယ် မြောက်ပိုင်း၊ ဖလမ်းဒေသများသို့ မေလ (၁၁) ရက်မှ မေလ (၂၂)ရက်နေ့အထိ လေကြောင်းဗုံး ကြဲမှုပေါင်း ၂၅ ကြိမ်ထက်မနည်း ပြုလုပ်ခဲ့ပြီး အရပ်သားနှင့် တော်လှန်ရေးရဲဘော်များအပါအဝင် (၂၀) ဝန်းကျင် သေဆုံးခဲ့ပါသည်။ ထင်ရှားသော ဖြစ်စဉ်များမှာ ဖလမ်းမြို့နယ် ခေါ်ပွီးချစ်ပ်ရွာတွင် ကလေးငယ် (၆) ဦး အပါအဝင် (၇) ဦး သေဆုံးခဲ့ခြင်း နှင့် တီးတိန်မြို့နယ် ဖူနွမ်ကျေးရွာတွင် ဒရုန်းဗုံးကြဲမှုကြောင့် PDF-Zoland ရဲဘော်များနှင့် အရပ်သား (၁၀) ဦး သေဆုံးခဲ့ခြင်းတို့ဖြစ်သည်။ ထို့ပြင် မြို့သိမ်းတိုက်ပွဲများလည်း ဆက်လက်ဖြစ်ပွားလျက်ရှိပြီး တွန်းဇံမြို့ကို ချင်းပူးပေါင်းတပ်များက ခေတ္တထိန်းချုပ်နိုင်ခဲ့သော်လည်း စစ်ကောင်စီနှင့် ZRA ပူးပေါင်းတပ်များ၏ ထိုးစစ်ကြောင့် မေလ ၁၉ ရက်တွင် ပြန်လည်လက်လွှတ်ခဲ့ရပါသည်။ ထိုသို့ဗုံးကြဲချရာတွင် စစ်ကောင်စီဘက်မှ Y-12 လေယာဉ် နှင့် ပေါင် ၅၀၀ ဗုံးများအသုံးပြုခဲ့သည်။

(၂) တိုက်ပွဲများကြောင့် အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့ ရိဒ်ခေါ်ရ်မြို့နှင့် အနီးတဝိုက်မှ ဒေသခံ (၈၀၀) ကျော်ထွက်ပြေးခဲ့ကြရသည့်အပြင် တီးတိန်မြို့တွင် မြို့သိမ်းတိုက်ပွဲသတင်းများကြောင့် ဆေးရုံရှိ

ဆရာဝန်များ ကြိုတင်တိမ်းရှောင်သွားကြသဖြင့် ဒေသခံလူနာများ ဆေးကုသမှု ခံယူရန် အခက်အခဲနှင့် ရင်ဆိုင်နေခဲ့ရပါသည်။ ထို့အပြင် ဖလမ်း-ဟားခါး လမ်းပိုင်းရှိ တိုက်ပွဲရှောင်များအတွက် အရေးပေါ် စားနပ်ရိက္ခာများ လိုအပ်နေပြီး၊ တော်လှန်ရေးအုပ်စုဖက်ကလည်း ချင်းအရေးပေါ် ကာကွယ်ရေး ရန်ပုံငွေများလိုအပ်ကြောင်း တရားဝင် အသိပေးထုတ်ပြန်ခဲ့သည်။

(၃) စစ်ကောင်စီ၏ အကြမ်းဖက်မှုများနှင့်အတူ ဒေသတွင်း ခိုးယူမှုများပါ ဖြစ်ပေါ်လာသဖြင့် ပြည်သူများ၏ လုံခြုံရေးမှာ စိုးရိမ်ဖွယ် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ဟားခါး-ဖလမ်း လမ်းပေါ် ရှိ ခွန်ကျုံးကျေးရွာသည် (၄) ကြိမ်မြောက် မီးရှို့ခံခဲ့ရပြီး ရက်ပိုင်းအတွင်း အိမ်ခြေ (၂၆) လုံး မီးလောင်ပြာကျခဲ့ရသည့်အပြင် Thlanrawn ကျေးရွာရှိ နေအိမ်များကိုလည်း စစ်ကောင်စီက မီးရှို့ဖျက်ဆီးခဲ့သည်။ ထို့ပြင်မင်းတပ်နှင့် ကန်ပက်လက် မြို့နယ်များတွင် တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသွားသူများ၏ အိမ်များအတွင်း ဝင်ရောက်ခိုးယူမှုများ များပြားလာသဖြင့် ဒေသဆိုင်ရာ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ (ပအဖ) များက ညမထွက်ရ အမိန့်များ ထုတ်ပြန်ခဲ့ရပါသည်။

## သုံးသပ်ချက်

ခြုံငုံသုံးသပ်ရပါက ၂၀၂၆ ခုနှစ် မေလအတွင်း ချင်းပြည်နယ်၏ အခြေအနေသည် စစ်ရေး၊ လူသား ချင်းစာနာထောက်ထားမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ စိန်ခေါ်မှုများ တစ်ပြိုင်နက်တည်း ပိုမိုနက်ရှိုင်း လာသည့် ကာလတစ်ခုအဖြစ် တွေ့မြင်ရသည်။ အထူးသဖြင့် လေကြောင်းတိုက်ခိုက်မှုများ တိုးမြင့်လာ ခြင်းနှင့် အရပ်သားထိခိုက်မှုများ များပြားလာခြင်းသည် ဒေသတွင်း လူသား လုံခြုံရေး အခြေအနေကို ပိုမိုဆိုးရွားစေခဲ့သည်။ တစ်ချိန်တည်းမှာပင် စစ်ဘေးရှောင်ဦးရေ မြင့်တက်လာခြင်း၊ ကျန်းမာရေး

ဝန်ဆောင်မှုများ ထိခိုက်လာခြင်းနှင့် ဒေသတွင်း လုံခြုံရေးပြဿနာ များ တိုးပွားလာခြင်းတို့သည် ချင်းပြည်နယ်၏ လူမှုစီးပွားဘဝနှင့် အရပ်သားများ၏ နေထိုင်မှုအခြေ အနေအပေါ် ရေရှည်သက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း တွေ့ရှိရသည်။

Reported by
Research and Documentation Officer
Research Centre
KIMO Institute